ဘာသာပြန် စာရေးဆရာ – Myo Nyein Oo

AlPha Translation Group

# အချိန်တားသခင်

## (ဇောင်ယုချန်)

(Chapter 759 - 774)

စာစဉ် – ၄၈

## အခန်း - ၇၅၉

## (သူတော်စင်တစ်ရာ သွေးချုပ်ဂတ်ကို တစ်ချက်တည်းဖြင့် အနိုင်ယူခြင်း…)

အတိအကျပင်… လူတစ်ချို့က အခုချိန်ထိ စိတ်ပူနေဆဲ ရှိနေကြသေးသည်။ ကုန်ကုန်ပြောရလျှင် လင်းယူက အစောပိုင်း တိုက်ပွဲတွင် ဒဏ်ရာအပြင်းအထန် ရရှိထားသည် မဟုတ်ပါလား။ ထို့ပြင် သူက သွေးစုပ်ကောင်မင်းသားအား နောက်ပြန်ဆုတ်အောင် တိုက်ခိုက်ခဲ့ရသေးသည်။ ထိုအရာက သူ့ဒဏ်ရာကို ပိုမို ပြင်းထန်စေသည်မှာ အသေအချာပင်။

"သူက ဆက်ပြီးတိုက်ခိုက်နိုင်သေးတယ်လား"

တတိယ မင်းသား၏ ခန္ဓာကိုယ်၌ ထွက်ပေါ်နေသော သွေးချီစွမ်းအင်များအားလုံးက ယခုတွင် ပြန့်နှံ့သွားလေသည်။ ထို့နောက်တွင်တော့ သူ့သွေးရောင်လွှမ်းနေသော မျက်လုံးများဖြင့် ဇောင်ယုချန်အား ကြည့်၍ နှာခေါင်းရှုံ့လိုက်၏။

"မင်းက ဒဏ်ရာအပြင်းအထန် ရနေတာတောင်.. ဒီလောက်အားကောင်းတဲ့ တိုက်ခိုက်မှု ဖော်ထုတ်နိုင်ဦးမယ်လို့ ငါ မမျှော်လင့်ထားဘူး…"

"ဘာလဲ မင်းက ကြောက်နေတာလား…"

ဇောင်ယုချန် မေးလိုက်သည်။

"ဟားဟား"

တတိယ မင်းသားက ကျယ်လောင်စွာ ရယ်မော၍ သူ့ဦးခေါင်းအား ပြန်

လှည့်လာသည်။ ထို့နောက် ကျယ်လောင်စွာ ရယ်မောပြီး သတ်ဖြတ်ခြင်း အငွေ့အသက်များ ပြည့်နှက်နေသည့် အေးစက်သော အသံဖြင့်ပြောလာခဲ့ သည်။

"ပြီးခဲ့တဲ့ တိုက်ခိုက်မှုမှာ ငါ့ စွမ်းအင်ရဲ့ သုံးဆယ်ရာခိုင်နှုန်းကိုပဲ အသုံးပြု ထားတာ ... မင်းက အဲ့ဒါကို ကာကွယ်နိုင်ခဲ့ရင်တောင် ဘာအဓိပ္ပာယ်မှ မရှိ ဘူး..."

တတိယမင်းသား၏ သွေးချပ်ဂတ်မှာ အလွန်ထူးခြားသည်ကို ဇောင်ယု ချန်က တစ်ချက်ကြည့်ရုံဖြင့် ပြောနိုင်ပေသည်။ ထို့ကြောင့် သူက နောက်တ ဖန် သေချာ အာရုံစူးစိုက်ကြည့်ရှုလိုက်လျှင် မျက်လုံးများ ကျဉ်းမြောင်းသွား လေပြီ။

"ဒါက ..."

သူက သူတောင်စင်တစ်ရာ သွေးချပ်ဂတ်အား ရုတ်ချည်း မှတ်မိသွားခဲ့၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက မြင့်မြတ်သော ဗဟို အင်ပါယာကသည် သွေးစုပ်ကောင်များနှင့် စစ်ပွဲကို အနိုင်ယူပြီးနောက်၌ အလွန်များစွာသော စစ်ပွဲရတနာများ ရရှိခဲ့သည်။ ထိုထဲတွင် သူတော်စင် တစ်ရာ သွေးချပ်ဂတ် လည်း အပါအဝင်ပင်။ ထို့ကြောင့် ဇောင်ယုချန်က ထိုချပ်ဂတ်အား သူ့ မျက်လုံးများဖြင့် ကိုယ်တိုင်မြင်တွေ့ ခဲ့ဖူး၏။ သို့ဖြစ်ရာ သူက သူတော်စင် တစ်ရာ သွေးချပ်ဂတ်၏ စွမ်းအင်များနှင့် ပတ်သတ်၍ ရှင်းလင်းစွာ နားလည်ထားသည်။

သွေးစုပ်ကောင်များနှင့် စစ်ပွဲ၌ အနိုင်ရရှိခဲ့သော ရတနာများ အားလုံးကိုမူ အင်ပါယာ ရတနာခန်းမ၌ ထိန်းသိမ်းထားခဲ့သည်။ အင်ပါယာမင်က ထို သွေးစုပ်ကောင် လက်နက်များကို မည်သူတစ်ဦးတစ်ယောက်မှ အသုံးမပြုဖို့ အမိန့်ပေးထားခဲ့၏။ မဟုတ်လျှင် ထိုအသုံးပြုသူများ အားလုံးက သွေးချီ

စွမ်းအင်များ၏ အကျိုးသက်ရောက်မှုကို ခံရပြီး သွေးဆာသော နတ်ဆိုးများ အဖြစ် ပြောင်းလဲသွားပေလိမ့်မည်။

"အိုး ... အဲ့တာက သူတော်စင် တစ်ရာ သွေးချပ်ဂတ်ကိုး ... မင်းက အရမ်းအားကောင်းနေတာ အံ့ဩသင့်စရာ မဟုတ်တော့ဘူးပဲ"

ဇောင်ယုချန်က ခေါင်းခါ၍ ပြုံးလိုက်သည်။ သူက ထိုအရာကို မှတ်မိသည့်တိုင် ဂရုစိုက်ပုံ မရချေ။

"ဘာပဲဖြစ်ဖြစ် ပြင်ပ အကူအညီတွေကို ယူတာက မင်းကိုယ်မင်း ပျက်စီးအောင် လုပ်နေတာပဲ ... အဲ့ဒါတွေ အကုန်လုံးက ကျင့်ကြံခြင်း လမ်းစဉ်ပေါ်မှာ ဘာအကူအညီမှ မပေးနိုင်ဘူး ... သိုင်းပညာကို လေ့ကျင့်တာ ... ဒါမှမဟုတ်ရင် နတ်ဘုရားလမ်းစဉ်ကို လျှောက်လှမ်းတာတွေက ကိုယ့်အားကိုယ်ကိုးမှပဲ ရနိုင်တဲ့ အရာတွေပဲ ... မင်း တခြားဘယ်အရာ ဘယ်အရာကိုမှ အားကိုးလို့ မရဘူး"

တတိယ မင်းသားက ဇောင်ယုချန်၏ စကားကို သဘောတူပုံ မရချေ။ သူက ဇောင်ယုချန်အား လှောင်ပြောင်လိုသော အပြုံးဖြင့်သာ ပြောလိုက်သည်။

"တကယ်လား ... ငါ တကယ်လို့ ပြင်ပ အကူအညီယူတယ် ဆိုရင်ရော မင်းက ဘာလုပ်နိုင်မှာ မို့လို့လဲ ... အနည်းဆုံးတော့ ငါ့ကို ဒီနေ့ည ဘယ်သူမှ အနိုင်မယူနိုင်ဘူး ... ငါက သေချာပေါက် အမွေဆက်ခံသူ တစ်ယောက် ဖြစ်လာလိမ့်မယ်"

"မင်းက တကယ်ပဲ သူတော်စင် တစ်ရာ သွေးချပ်ဂတ်ကို ဘယ်သူမှ အနိုင်မယူနိုင်ဘူး ထင်နေတာလား" ဇောင်ယုချန်က မေးလိုက်သည်။ "အဲ့လောက်ထိ ဘဝင်မြင့်မနေနဲ့ ... ကောင်းပြီလား"

တတိယမင်းသားက ဇောင်ယုချန် စကားများကို အလေးအနက် ထားခြင်း မရှိပေ။

"မင်းတစ်ယောက်ထဲနဲ့ ဒါကို ဖျက်ဆီးနိုင်မယ်လုိ့ ပြောနေတာလား... ဟားဟား ..."

"ငါတစ်ယောက်ထဲက လုံလောက်တယ်"

ဇောင်ယုချန်၏ မျက်လုံးများက ဓားတစ်ချောင်းကဲ့သို့ ထက်မြလာခဲ့သည်။ ထို့နောက် သူက ဟင်းလင်းပြင်ဓါးကို သူ့ခေါင်းထက်သို့မြှောက်လိုက်ပြီး မျက်လုံးများကို မှိတ်လိုက်သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် သူ့နဖူးမှ ငွေရောင်များ တောက်ပလာခဲ့သည်။ ထို့နောက် သူ့ဓားနှစ်လုံးသားက ချီ ပင်လယ်အား ဖြတ်သန်းသွားပြီး နဖူးကြားမှ ပြင်ပကမ္ဘာသို့ ထွက်လာကာ ဟင်းလင်ပြင်ဓါးနှင့် တစ်သားတည်း ပေါင်းစည်းသွားခဲ့သည်။

အဖြူရောင် ဓားချီစွမ်းအင်က အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားပြီး ဟင်းလင်းပြင်ဓါးက ကောင်းကင်ထက်သို့ မျောလွင့်သွားခဲ့သည်။ ထို့နောက် ကောင်းကင်ထက်ရှိ တိမ်များကိုပင် ပေါက်ကွဲစေကုန်၏။ ဓား နှလုံးက ဓားချီစွမ်းအင်နှင့် ပေါင်းစပ်သွားသည်နှင့် လေဝဲကြီးတစ်ခုက ဖြစ် ပေါ်လာချေပြီ။

ကောင်းကင်ထက်ရှိ သွေးရောင် တိမ်တိုက်များသည်လည်း လျင်မြန်စွာ လှည့်ပတ်လာခဲ့သည်။ ထိုအခိုက်အတန့်တွင် ကျမ်းစာလိပ်တောင်ကုန်းနှင့် မိုင်တစ်ရာပတ်လည်ရှိ ကျွမ်းကျင်သူများ၏ ဓားများက တုန်ယင်လာခဲ့ပေ သည်။ ထို့နောက်တွင်တော့ ဓားများအားလုံးက ထိန်းချုပ်မှု လွန်ကင်းသွား ပြီး ကျမ်းစာလိပ်တောင်ကုန်း၏ ကောင်းကင်ထက်သို့ ပျံတက်သွားကြလေ တော့သည်။

"ငါ့ဓား ... ဒါဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ..."

"ဘယ်လိုလုပ် ငါ့ဓားက အဝေးကို ပျံသန်းသွားရတာလဲ"

...

သူတို့၏ လက်နက်များကို မြင့်မားသော ကျင့်ကြံခြင်း အဆင့်နှင့် ထိန်းသိမ်းထားနိုင်သည့် တစ်ပိုင်း သူတော်စင်အဆင့်များမှ လွဲ၍ ကျန်ကျင့်ကြံသူများ အားလုံး၏ဓားများမှာ လေထဲသို့ ထိုးတက်သွားကြသည်။

"ဝှစ် ... ဝှစ်"

ဓားပေါင်းတစ်သောင်းကျော်က ဇောင်ယုချန် ဦးခေါင်းထက်ရှိ ကောင်းကင်၌ ထွက်ပေါ်လာခဲ့သည်။ ထိုဓားများက ဟင်းလင်းပြင်ဓါး၏ ပတ်ပတ်လည်၌ လှည့်ပတ်နေကာ အလွန်အားကောင်းသော ဓားချီစွမ်းအင်များ ဖြစ်ပေါ်နေပြီး လေဟာနယ်နှင့် လေထုကိုပင် ပြည့်နှက်သွားစေသည်။

"သူ့ဓားနဲ့ ပတ်သတ်ပြီး တစ်ခုခုတော့ မှားနေပြီ"

တတိယ မင်းသားက ဇောင်ယုချန်၏ ဟင်းလင်းပြင်ဓါးအား ကြည့်လိုက်လျှင် သူက ထိုဓားမှ အလွန်အားကောင်းသော အန္တရာယ် အငွေ့အသက်များကို ခံစားသွားမိပြီး သူ အမူအရာမှာ ရုတ်ချည်း လေးနက်သွားခဲ့သည်။

"သူတော်စင် တစ်ရာ ပေါင်းစည်းခြင်း"

တတိယ မင်းသားက သူ့ခြေထောက်ကား ဖြန့်ကားပြီး လက်အား တင်းကြပ်စွာ ဆုပ်၍ ထွတ်မြတ် ချီစွမ်းအင်များကို သူတော်စင် တစ်ရာ သွေးချပ်ဂတ်ထဲသို့ သွတ်သွင်းလိုက်သည်။ ထို့နောက်တွင်တော့ သွေးရောင်သူတော်စင် တစ်ရာကျော်၏ စိတ်ဝိညာဉ်များက ချပ်ဂတ်ထဲမှ ထွက်ပေါ်လာခဲ့ပြီး သူ့နောက်၌ ဖြစ်တည်လာကြသည်။ ထိုထဲတွင် လူသား သူတောင်စင်များ အပြင် သားရဲသူတောင်စင်များလည်း အပါအဝင်ပင်။ ထိုလူများအားလုံးက မတူညီသော ပုံသဏ္ဍာန်များ ရှိသည်။

စိတ်ဝိညာဉ်တစ်ခုချင်းစီတိုင်းက ကွဲပြားခြားနားသော သူတော်စင် စကားလုံးများကို ရွတ်နေကြသည်။ ထိုလူများမှ ထွက်ပေါ်နေသည့် စွမ်းအားများက အလွန်ကြောက်မက်ဖွယ်ရာပင်။ ထိုအရာက တတိယ မင်းသား၏ နောက်၌ သူတော်စင် တစ်ရာ ရပ်နေသည်နှင့် ဆင်တူနေပေသည်။ တတိယမင်းသားနှင့် ထိုလူများ အားလုံး၏ အော်ရာက အပြည့်အဝ တစ်သားတည်း ဖြစ်လာခဲ့သည်။ ထိုအရာက အော်ရာတစ်ခုပင် ဖြစ်သည့်တိုင် ငါးနဂါး အဆင့် ကျင့်ကြံသူများ အားလုံးကို ကြောက်ရွံ့မှုဖြင့် ဒူးထောက်သွားစေဖို့ လုံလောက်ပေသည်။

သူ့ခန္ဓာကိုယ်နှင့် သူတော်စင်တစ်ရာ စိတ်ဝိညာဉ်များ၏ အော်ရာများ ပေါင်းစည်းသွားသည်နှင့် တတိယ မင်းသားက စတင် တိုက်ခိုက်လာခဲ့သည်။ သူ့လက်သီးချက် ထိုးလိုက်သည်နှင့် နောက်ကျောဘက်ရှိ သူတော်စင် တစ်ရာလုံး၏ စွမ်းအားသည်လည်း တစ်သားတည်း အဖြစ် ပေါင်းစပ်သွားခဲ့ပြီး လက်သီးကြီးတစ်ခု ဖြစ်လာကာ ဖောင်ယုချန်အား ထိုးချလိုက်သည်။ ထိုအရာက အလွန် ရုတ်ရင်း ကြမ်းတမ်းသော လေပြင်း မုန်တိုင်းကြီးတစ်ခုကိုပင် ဖြစ်ပေါ်သွားစေသည်။

ဖောင်ယုချန်က လက်အနည်းငယ် လှုပ်ကာ ကောင်းကင်ထက်ရှိ ဟင်းလင်းပြင်ဓားအား ထိန်းချုပ်လိုက်သည်။ အလွန်အားကောင်းသော ဓားချီစွမ်းအားများက ဟင်းလင်းပြင်ဓား၏ ပတ်ပတ်လည်မှ အဖြူရောင် ချိန်းကြိုးကြီးပမာ ကျဆင်းလို့လာသည်။ တစ်ချိန်တည်းမှာပင် ဓားပေါင်း တစ်သောင်းကျော်သည်လည်း ဟင်းလင်းပြင်ဓါးအား ဖုံးကွယ်ထားလိုက်ပြီး တတိယမင်းသား၏ တိုက်ခိုက်မှု ရှိရာသို့ တိုးဝင်လာချေပြီ။

"ဘုန်း ... ဘုန်း ... ဘုန်း"

ဓားများက သွေးနီရောင် သူတော်စင် တစ်ရာ၏ စိတ်ဝိညာဉ်များကို ရုတ်

ရင်းကြမ်းတမ်းစွာ အဆက်မပြတ် တိုက်ခိုက်နေပြီး နောက်ဆုံးတွင် ဟင်းလင်းပြင် ဓားများ အပါအဝင် ကျန်ဓားများ အားလုံးက ထိုလက်သီး ချက်ကြီးအား ဖျက်ဆီးကာ တတိယ မင်းသားအား သွားရောက် ထိမှန်သည်။ တတိယ မင်းသားက ကျယ်လောင်စွာ အော်ဟစ်လိုက်ရပြီး ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ရသည်။ သူတော်စင် တစ်ရာ သွေးချပ်ဝတ်သည်လည်း တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာခဲ့၏။

သူက နောက်ဆုံးအချိန်တွင် လက်နှစ်ဖက်အား ပူးကပ်၍ ရင်ဘတ်အား ကာကွယ်လိုက်နိုင်သည့်တိုင် ဤမျှ ဒဏ်ရာ အပြင်းအထန် ရသွားခဲ့သည်လား။

ဖောင်ယုချန်သည်လည်း အံကြိတ်လိုက်ရပြီး သူ့နှုတ်ခမ်းထောင့်မှ သွေးစီးကြောင်းတစ်ခု ယိုစီးကျလာခဲ့သည်။ ထွတ်မြတ်ချီစွမ်းအင်များက သူ့ခန္ဓာကိုယ်မှ ဆက်လက်ထွက်ပေါ်နေပြီး သူ့လက်ချောင်းများက အရှေ့သို့ ထိုးစိုက်လိုက်သည်။

ဟင်းလင်းပြင် ဓားများအပါအဝင် ကျန်ဓါးများအားလုံးက တတိယ မင်းသားအား ဆက်လက် တိုးဝင်လာလေတော့သည်။ ဓားထောင်ပေါင်းများစွာက သူ့ ထံသို့ အဆက်မပြတ် တိုးဝင်လာပြီး နောက်ဆုံးတွင် သူတော်စင် တစ်ရာ သွေးချပ်ဝတ်၏ အကာအကွယ်ထက်၌ အက်ကြောင်းများ ထင်လာခဲ့လေပြီ။

"ရှပ်"

ဟင်းလင်းပြင်ဓါးက တတိယ မင်းသား၏ လက်အား ဖြတ်သန်းသွားကာ သူတော်စင် တစ်ရာ သွေးချပ်ဝတ်ထက်၌ အက်ရာများ ပိုမို ပီပြင်စွာ ဖြစ်ပေါ်လာခဲ့သည်။ သွေးများက ထိုနေရာမှ ယိုစီးကျလာခဲ့ပြီး တတိယ

မင်းသားသည်လည်း နောက်သို့ ခြေလှမ်းပေါင်းများစွာ ဆုတ်လိုက်ရ၏။ သူ့လက်မောင်းထက်တွင်တော့ သွေးများက အဆက်မပြတ် ထွက်နေလျက်ပင်။ တတိယ မင်းသားက တောင်ပေါ်မှ အဆက်မပြတ် ကျဆင်းသွားပြီး တောင်အောက်ခြေသို့ ရောက်သည့်အချိန်ထိ ရပ်တန့်သွားခြင်း မရှိချေ။

"အဆုံးသတ်တော့ ... ပြီးသွားပြီ"

ဇောင်ယုချန်က သူ့ဟင်းလင်းပြင်ဓါးအား အဝေးသို့ ထားလိုက်သည်။ ထို့နောက် သူ့လက်တစ်ဖက်က ရင်ဘတ်အား ကိုင်၍ ခန္ဓာကိုယ်အား အလျှင်အမြန် ထိန်းချုပ်လိုက်ရသည်။ အဆုံးသတ်တွင် သူက မြေပြင်ပေါ်သို့ ပစ်လဲကျသွားခြင်း မရှိချေ။ သူ့ခန္ဓာကိုယ်က တောင်ကြီးတစ်လုံးအလားပင် မားမားမတ်မတ် ရပ်နေနိုင်ခဲ့သည်။ ကျမ်းစာလိပ်တောင်ကုန်း အောက်ရှိ ကျင့်ကြံသူများ အားလုံးသည်လည်း လင်းယူ၏ စွမ်းအားများကို မြင်လျှင် သူတို့၏ စိတ်ဝိညာဉ် တစ်ခုလုံး တုန်လှုပ်သွားရသည်။

"သူက အရမ်းကို အစွမ်းထက်လွန်းတယ်"

ထိုနောက်ဆုံးတိုက်ခိုက်မှုတွင် ဇောင်ယုချန်၏ တိုက်ခိုက်မှုက သူတို့၏ စိတ်ထဲ၌ ထာဝရ စွဲထင်သွားလေပြီ။ သူက ငယ်ရွယ်သော လူငယ် ဓားသူတော်စင် တစ်ယောက်နှင့်ပင် ဆင်တူနေပြီး မရှုံးနိုင်ဟူသော စကားလုံး၏ အစစ်အမှန် အဓိပ္ပာယ်ပင်။

ယင်ယန်ဂိုဏ်း၏ အကြီးအကဲများသည်လည်း ပျော်ရွှင်စွာဖြင့် ရယ်မောလိုက်ရသည်။

"မဆိုးဘူး ... တကယ် မဆိုးဘူး ... ငါတို့ ယင်ယန်းဂိုဏ်းရဲ့ ဓားပါရမီရှင် ဆိုတဲ့နာမည်နဲ့ တကယ်ကို ပီသတယ် ... သူက နောက်ဆုံးတော့ ငါတို့ရဲ့ စွမ်းအားတွေကို ထုတ်ပြလိုက်ရပြီ ... သွေးစုပ်ကောင်တွေတောင် သူ့ရဲ့ တိုက်ခိုက်မှုတစ်ချက်ကို မကာကွယ်နိုင်ခဲ့ဘူး"

အားကောင်းသော အသံလှိုင်းများက ရှန်တေးမြို့ တစ်မြို့လုံးကို ဖုံးလွှမ်းသွားခဲ့သည်။ ထိုအရာက အင်အားစုတိုင်းရှိ အကြီးအကဲများ၏ နားထဲသို့ ဝင်ရောက်သွားခဲ့ပြီး ထိုအသံက ဒီရေလှိုင်းများ ပြန့်နှံ့သွားသည့် အလားပင်။ ထိုအသံအား ကြားလျှင် နတ်ဆိုးဂိုဏ်းက အကြီးအကဲတစ်ယောက် နှာခေါင်းရှုံ့လိုက်သည်။

"လင်းယူက တကယ်ကို အစွမ်းထက်တယ် ... ဒါပေမဲ့ အဲ့ဒါက ယင်ယန်းဂိုဏ်းနဲ့ ပတ်သတ်နေမယ်လို့တော့ ငါမထင်ဘူး ... အရိုးတစ်ထောင် ဘုရင်မကသာ ဒီလို အစွမ်းထက်တဲ့ လူတစ်ယောက်ကို မွေးထုတ်ပေးနိုင်လိမ့်မယ်လို့ ငါထင်တယ်"

ထိုအသံသည်လည်း ရှန်တေးမြို့တစ်မြို့လုံးအား ပျံ့လွင့်သွားသည်။

"အဲ့ဒါ အမှန်ပဲ ... လင်းယူက အရိုးတစ်ထောင် ဘုရင်မရဲ့ ဆက်ခံသူပဲ ... အဲဒါကြောင့်သာ သူက သွေးစုပ်ကောင် လူရှင်တော်ကို ဟင်းလင်းပြင်ဓါးနဲ့ တစ်ချက်တည်း အနိုင်ယူနိုင်ခဲ့တာ"

သကေ်တလေးခုဂိုဏ်းမှ သူတော်စင် ရွှယ်ရီသည်လည်း ပြောလာခဲ့သည်။ သူက ထိုစကားများကို လင်းယူမှာ အရိုးတစ်ထောင် ဘုရင်မ၏ အမွေဆက်ခံသူ ဖြစ်မှန်း သိသွားအောင် ရည်ရွယ်ချက် ရှိရှိ ပြုလုပ်လိုက်ခြင်းပင်။

လက်ရှိအခြေအနေအရ ယင်ယန်းဂိုဏ်း၌ လင်းယူရှိနေသရွေ့ သကေ်တလေးခုဂိုဏ်း ၊ ပါကွဂိုဏ်းနှင့် ထိုက်ကျိဂိုဏ်းတို့၏ ဓားကျင့်စဉ် ပြိုင်ပွဲအား တက်ရောက်ခြင်းမှာ အဓိပ္ပာယ် ကင်းမဲ့သွားပေလိမ့်မည်။ သူတို့က အဘယ်ကြောင့် ကိုယ့်ကိုကိုယ် သွားရောက်၍ အရှက်ခွဲရမည်နည်း။

အကယ်၍ လင်းယူမှာ အရိုးတစ်ထောင် ဘုရင်မ၏ အမွေဆက်ခံသူ ဖြစ်မှန်း လူတိုင်းက ရှင်းလင်းစွာ သတိပြုမိသွားလျှင်မူ လင်းယူ အနေဖြင့် ဓားကျင့်စဉ် ပြိုင်ပွဲသို့ တက်ရောက်နိုင်မည် မဟုတ်ကြောင်းကို သူတော်စင် ရွှမ်

ရီက သေချာ နားလည်ထားသည်။ အကယ်၍ တက်ရောက်နိုင်ခဲ့လျှင်ပင် လင်းယူက ဓားစံအိမ်အတွက် ယင်ယန်းဂိုဏ်းအား ကူညီတိုက်ခိုက်ပေးနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော် သူတော်စင် ရွှမ်ရီ၏ စကားများ အားလုံးမှာ အရာမထင်သာ ဖြစ်ခဲ့ရ၏။

ယခု အချိန်တွင် ယင်ယန်းဂိုဏ်း တပည့်များ၏ စိတ်လှုပ်ရှားမှုကြောင့် ကျယ်လောင်စွာ အော်ဟစ်သံက သူ့အသံကိုပင် ဖုံးလွှမ်းသွားချေပြီ။

"စီနီယာ အစ်ကိုကြီး လင်းယူက အရိုးတစ်ထောင် ဘုရင်မရဲ့အမွေဆက်ခံသူဆိုတာ တကယ်မှန်တာပဲ..."

"အဲ့ဒါဆို စီနီယာ အစ်ကိုကြီး လင်းယူမှာ ဟင်းလင်းပြင်ဓါး ရှိတာပေါ့ ... သူက ဓားပေါင်းတစ်သောင်းကျော်ကို ဆင့်ခေါ်ပြီးတော့ သွေးစုပ်ကောင်မင်းသားရဲ့ သူတော်စင်တစ်ရာ သွေးချပ်ဂတ်ကို ဖျက်ဆီးနိုင်ခဲ့တာ အံ့သြစရာ မဟုတ်တော့ဘူးပဲ ..."

"ဟင်းလင်းပြင်ဓါးတစ်ခုတည်းသာ အဲ့လို အရာမျိုးကို လုပ်နိုင်လိမ့်မယ် ..."

"သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ပြီးခဲ့တဲ့ နှစ်တွေမှာ အများကြီး တိုးတက်လာခဲ့တာ မထူးဆန်းတော့ဘူး ... သူက အရိုးတစ်ထောင် ဘုရင်မရဲ့အမွေကို ရရှိခဲ့လို့ကိုး..."

...

ထိုအခိုက်အတန့်တွင် လူငယ် ကျင့်ကြံသူပေါင်းများစွာက ဒူးထောက်ပြီး ကျမ်းစာလိပ်တောင်ကုန်းထက်သို့ ကြည့်ကာ အရိုအသေ ပေးနေကြသည်။

လင်းယူသည်လည်း ထိုအခြင်းအရာကို မြင်လျှင် ကူကယ်ရာ မဲ့သလို

ခံစားလိုက်ရ၏။ ရိုးရိုးသားသား ပြောရလျှင် အရိုးတစ်ထောင် ဘုရင်မမှာ အမှန်တကယ်ပင် အလွန်ထင်ပေါ်ကျော်ကြားသူ တစ်ယောက်ပင်။ သူမက ဒဏ္ဍာရီထဲမှ ပြယုဂ်တစ်ခုပင် မဟုတ်ပါလား။ လူပေါင်းများစွာက သူမ၏ အမွေဆက်ခံသူကို မြင်တွေ့ရန် အလွန် စိတ်လှုပ်ရှားနေကြသည်။

ကောင်းကင်ထက်ရှိ တိမ်ထဲတွင်တော့ သွေးစုပ်ကောင် အကြီးအကဲကြီးက ဒေါသထွက်၍ နှာခေါင်းရှုံ့လိုက်သည်။

"အရှုံးသမားပဲ"

သူက သူတော်စင် တစ်ရာ သွေးချပ်ဂဝတ်နှင့် တတိယမင်းသားက ယခုလို ရှုံးနိမ့်သွားရလိမ့်မည်ဟု လုံးဝ မျှော်လင့်ထားခြင်း မရှိခဲ့ပေ။ သူက တတိယ မင်းသားထံသို့ရောက်ရှိသွားပြီး ခန္ဓာကိုယ်အား ပွေ့ယူက တိမ်တိုက်ထဲသို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက်တွင်တော့ တတိယ မင်းသား၏ ဒဏ်ရာများကို ကြည့်ရှုရမည့်အစား ချပ်ဂဝတ်၏ အခြေအနေကိုသာ စတင်လေ့လာလိုက်သည်။

သူတော်စင် တစ်ရာ သွေးချပ်ဂဝတ်၏ အကာအကွယ် စွမ်းအင်မှာ အသုံးပြုသူ၏ ကျင့်ကြံခြင်း အဆင့်ပေါ် မူတည်ပေသည်။ အကယ်၍ တစ်ပိုင်း သူတော်စင် တစ်ယောက်သာ ထိုအရာကို ဂဝတ်ဆင်ထားမည် ဆိုလျှင် အကာအကွယ် စွမ်းအင်မှာ တခြား မတူညီသော အဆင့်တစ်ခုသို့ ရောက်ရှိသွားပေလိမ့်မည်။ သူက ဤနေရာ လှုပ်ရှားခြင်း မပြုဘဲ ရပ်နေလျှင်ပင် ဇောင်ယုချန်၏ ဟင်းလင်းပြင်ဓါးအား လုံးဝ ဖျက်ဆီးနိုင်လိမ့်မည် မဟုတ်ပေ။

အသုံးပြု၏ ကျင့်ကြံခြင်းအဆင့် မြင့်လာလေ သူတော်စင် တစ်ရာ သွေးချပ်ဂဝတ်၏ အကာအကွယ် စွမ်းအင်မှာလည်း အားကောင်းလာလေ ဖြစ်သည်။ ယခုတွင် သူတော်စင် တစ်ရာ သွေးချပ်ဂဝတ်က ဟင်းလင်းပြင်

ခါး၏ အပြည့်အဝ ဖျက်ဆီးခြင်းကို ခံခဲ့ရလေသည်။

ထိုသွေးချပ်ဂတ်က အကြီးအကျယ် ပျက်စီးသွားပြီ ဖြစ်သောကြောင့် သူတောင်စင်များ၏ မြင့်မြတ်သော သွေးစက်နှင့် နှစ်ရာနှင့် ချီအောင် ပြန်လည် ပြင်ဆင်ရပေတော့မည်။ အဖြူရောင် ဂတ်စုံနှင့် အကြီးအကဲ၏ နှုတ်ခမ်းထောင့်က တွန့်ေ့ကွးသွားခဲ့သည်။

"ကျားလျှိုဂူ ..."

သူက အသံတိုးတိုးဖြင့် ပြောလိုက်သည်။

" သူ့ကို ဖျက်ဆီးလိုက်စမ်း"

ရတနာ တစ်ထောင်သင်္ကန်းကို ဂတ်ဆင်ထားသည့် ကျားလျှိုဂူသည်လည်း ကျမ်းစာလိပ် တောင်ကုန်းထက်သို့ တက်လာနေရာမှ လက်နှစ်ဖက်အား ဆုတောင်းနေသည့် ပုံသဏ္ဍာန်ဖြင့် ပူးကပ်၍ အကြီးအကဲအား ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်တွင်တော့ ဇောင်ယုချန်အား ရွှေရောင် ဗုဒ္ဓမျက်လုံးများဖြင့် ကြည့်၍ ပြောလာလေပြီ။

"သခင်လေး လင်းယူ ... ကျေးဇူးပြုပြီး ငါ့ကို လမ်းညွှန်ပေးပါအုံး"

ဇောင်ယုချန်မှာ ပြီးခဲ့သည့် တိုက်ပွဲတွင် ဒဏ်ရာအကြီးအကျယ် ရထားသောကြောင့် ယခုတွင် သူက အပြည့်အဝ တည်ငြိမ်အောင်ပင် ရပ်နိုင်ခြင်းမရှိတော့ပေ။ သူက ယခုလို အနေအထားနှင့် မည်သို့ ဆက်တိုက်နိုင်မည်နည်း။ သို့သော် ဇောင်ယုချန်ကမူ တည်ငြိမ်နေဆဲသာ ရှိနေပြီး ခပ်ယဲ့ယဲ့ပြုံး၍ ပြောလိုက်သည်။

"ငါက ဒီနေ့ ပင်ပန်းနေပြီ ... ဒါ့ကြောင့် ဆက်ပြီးတော့ မတိုက်ခိုက်ချင်တော့ဘူး ... ဒါပေမယ့် ငါ မင်းအတွက် ပြိုင်ဘက်ကို မိတ်ဆက်ပေးမယ် ဆိုရင်ရော ဘယ်လိုလဲ"

ထို့နောက်တွင်တော့ ဇောင်ယုချန်က တောင်အောက်သို့ ညွှန်ပြလိုက်သည်။ ကျားလျိုဂူ၏ မျက်လုံးများသည်လည်း သူ့လက်နောက်သို့ လိုက်ကာကြည့်လိုက်ပြီး နောက်ဆုံးတွင် တောင်ပေါ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့သည့် ကိုးပေကျော် ရှည်လျားသော ဘုန်းတော်ကြီးထံ၌ ရပ်တန့်သွားခဲ့သည်။

ထိုဘုန်းကြီးက အလွန်ကြီးမားသော ခန္ဓာကိုယ်အား ပိုင်ဆိုင်ထားပြီး ကျောနောက်ဘက်၌ ဓားကြီးတစ်ချောင်းအား သယ်ဆောင်ထားသည်။ သူက တောင်ပေါ်သို့ တစ်လှမ်းချင်း တက်လာခဲ့လေသည်။

ကျားလျိုဂူနှင့် ယှဉ်လျှင် ထိုလူက ဘုန်းကြီး တစ်ယောက်ထက် သွေးဆာလောင်နေသည့် သတ်ဖြတ်သူ တစ်ယောက်အလား ပိုထင်မှတ်ရပေသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးက ကြွက်သားများနှင့် ပြည့်နှက်နေပြီး မျက်နှာသည်လည်း ရုတ်ရင်း ခက်ထန်သော အမူအရာများ ရှိကာ ကျားလျိုဂူအား မော့၍ကြည့်လာခဲ့လေသည်။

"သေခြင်းဂိုဏ်းရဲ့ သစ္စာဖောက်တစ်ကောင်က ဘယ်လိုလုပ် ကန်လန်ကမ္ဘာမှာ ထွက်ပေါ်လာရဲတာလဲ"

ထိုရင်းနှီးသောအသံအား ကြားလျှင် ဟောင်ယန်းချန်၏ မျက်လုံးများသည်လည်း တောင်အောက်ခြေသို့ ရောက်ရှိသွားခဲ့သည်။ ထိုနေရာတွင်တော့ ဘုန်းတော်ကြီးတစ်ပါးအား မြင်တွေ့လိုက်ရလျှင် သူမ မျက်နှာက ဝင်းပသွားလေသည်။

"အဲ့ဒါက တကယ်ကို ဘုန်းတော်ကြီး လီဒီပဲ"

ဘုန်းတော်ကြီး လီဒီမှာ ဟင်းလင်းပြင် ကမ္ဘာ တစ်ထောင်၌ ရှိနေသည့်အချိန်က ဇောင်ယုချန်နောက်သို့ အမြဲတမ်း လိုက်ပါခဲ့ကြောင်းကို သူမ သိနေသည် မဟုတ်ပါလား။ ထိုဘုန်းကြီးက လုံးဝ ဖယ်ရှားပစ်ဖို့မဖြစ်နိုင်

သလောက်ပင်။

ပိုဒေါ်သထွက်စရာ ကောင်းသည်မှာ ထိုဘုန်းကြီး လီဒီက အမြဲလိုလို ပျက်စီးစေသော အရာများသာ ပြုလုပ်ခြင်းပင်။ သူ စကားပြောသည့် လူတိုင်းက သေခြင်းဖြင့်သာ အဆုံးသတ်ခဲ့ရသည်။ ထို့ကြောင့် လူပေါင်းများစွာက သူ ပါးစပ်ပိတ်ထားသည်ကိုသာ မြင်တွေ့လိုကြသည်။

"ကျားလျှိုဂူ ... မင်းရဲ့ ကံကြမ္မာက မှောင်မိုက်နေပြီး နှုတ်ခမ်းတွေကလည်း ပြာနေပြီ ... မင်း ဒီနေ့ သေချာပေါက် ဒဏ်ရာ အကြီးအကျယ် ရလိမ့်မယ်..."

ဘုန်းကြီးလီဒီ၏ ကျယ်လောင်သော စကားသံက ကျမ်းစာလိပ်တောင်ကုန်း နေရာတစ်ခွင်လုံးကို ပြန့်နှံ့သွားသည်။

***